# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 2 , 2025 Volume 86 , Number 1


### ၂.၁.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၇၇.၆၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၂.၆၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၅.၅၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၅.၉၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၄ ကျပ် |

Source: CBM Rate, etrademyanmar.com


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ရာသီပေါ်သီးနှံများကို ပြည်တွင်းဈေးကွက်ကိုသာ အားပြုနေရဟုဆို



ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ရာသီပေါ်သီးနှံများကို ပြည်ပဈေးကွက်ထက် ပြည်တွင်းဈေးကွက်ကိုသာ အားပြုနေရကြောင်း သစ်သီးကုန်သည်များက ပြောပြသည်။

ယခုအချိန်တွင် ဖရဲ၊ သခွားမွှေးပေါ်ချိန်ဖြစ်သော်လည်း သယ်ယူပို့ဆောင်ရေး စရိတ်ကြောင့် ပြည်ပသို့တင်ပို့နိုင်ခြင်းမရှိဘဲပြည်တွင်းဈေး၌သာအားထားရောင်းချနေရကြောင်း သိရသည်။

"သစ်သီးအများစုကိုတရုတ်ပို့တာများတယ်။မူဆယ်ဘက်လမ်းကြောင်းကလည်းမပွင့်တော့မိုင်းလားဘက်ကနေပို့ရတယ်။မိုင်းလားကနေသွားတော့လည်း သယ်ယူပို့ဆောင်ရေး စရိတ်ကြောင့် မတင်ပို့နိုင်ဘူး" ဟု သစ်သီးကုန်သည်တစ်ဦးက ပြောသည်။

မြန်မာ့သစ်သီးဝလံပို့ကုန်တင်ပို့မှုအား တရုတ်ဈေးကွက်ကို အားထားတင်ပို့နေခြင်းဖြစ်ပြီး ပုံမှန်ထက် ၆၀ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့်သစ်သီးများကိုတရုတ်နိုင်ငံသို့တင်ပို့ရာတွင်ယခင်ကမူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးစခန်းမှအဓိကအများဆုံး တင်ပို့ခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ သီးနှံ ၂၅ မျိုးကို အဓိကထားတင်ပို့နေခြင်းဖြစ်ပြီး ကိုဗစ်ကာလမတိုင်ခင် တစ်နှစ်လျှင်ပျမ်းမျှအမေရိကန်ဒေါ်လာသန်း ၁၄၀ ဝန်းကျင်အထိဝင်ငွေရရှိနေခြင်းဖြစ်ကြောင်းလည်း သိရသည်။

**Source : Popular News Journal**

## ကမ္ဘာ့ကုန်သွယ်ရေး၊ ခရီးသွားလာရေးနှင့် အစားအစာပြပွဲ World of Travel, World of Trade & Taste EXPO WTTT EXPO ကျင်းပမည်

အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါပြည်နယ်၊ Broward County Convention Center ၌ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိလည်းကောင်း ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့ Metro Convention Center တွင် ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိလည်းကောင်း ကမ္ဘာ့ကုန်သွယ်ရေး၊ ခရီးသွားလာရေးနှင့်အစားအစာပြပွဲ (World of Travel, World of Trade & Taste EXPO– WTTT EXPO) ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါပြပွဲအတွက် အောက်ပါတို့ကို ဖော်ပြထားသည်–

မြန်မာနိုင်ငံမှကုမ္ပဏီများအနေဖြင့် WTTT EXPO တွင် ပါဝင်ပြသနိုင်မည်ဆိုပါက မြန်မာထွက်ကုန်များကို ပြသနိုင်ခြင်း၊ မြောက်အမေရိကန်နိုင်ငံများ၊ လက်တင်အမေရိကန်နိုင်ငံများနှင့် ကာရေဘီယံဒေသနိုင်ငံများမှ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားကုမ္ပဏီများနှင့် အဆက်အသွယ်များ တည်ဆောက်နိုင်ခြင်း၊ ဈေးကွက်အခြေအနေများ သိရှိနိုင်ခြင်း စသည့် အခွင့်အလမ်းများရရှိနိုင်ပါကြောင်း။

WTTT EXPO သည် အစိုးရကိုယ်စားလှယ်များ၊ စက်မှုလုပ်ငန်းများမှ ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန် ဖန်တီးပေးသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း။

မြန်မာစက်မှုလုပ်ငန်းအလုပ်ရုံဆွေးနွေးပွဲနှင့် မြန်မာနိုင်ငံပြခန်း (Myanmar Industry Workshop and Pavilion at WTTT EXPO) တို့ကို ဖွင့်လှစ်ပြသနိုင်ပြီး ယင်းသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း၊ ခရီးသွားလုပ်ငန်းအားပေး မြှင့်တင်ခြင်းနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ခြင်း၊ ပြပွဲတွင်ပါဝင်သည့် အခြားနိုင်ငံများနှင့်ကာလရှည် ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရရှိခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း။

မြန်မာပြခန်းနှင့်အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ရာတွင် ပြခန်းနှင့်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်မည့် ဧည့်သည်များနှင့် ပြပွဲလာရောက်ကြည့်ရှုသူများကို ပွဲစီစဉ်သူက ဖိတ်ကြားရမည်ဖြစ်ကြောင်း၊ မြန်မာသံရုံးအတွက် ပြခန်းနေရာကို အခမဲ့ စီစဉ်ပေးနိုင်သော်လည်း ပြခန်းဆောက်လုပ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲအတွက် စီစဉ်မှုအားလုံးကို ကျခံမည် မဟုတ်ကြောင်း။

ပြခန်းပြသမည်ဆိုပါက ပြခန်းနေရာ (၅ x ၁၀) ပေ၊ စားပွဲ၊ ထိုင်ခုံ (၂) လုံး၊ အခင်းနှင့် အမှိုက်ပုံးအပါအဝင် ပြပွဲ (၂) ရက်စာအတွက် အမေရိကန်ဒေါ်လာ (၁,၁၅၀) (အခွန်မပါ) နှင့် စီးပွားရေးဆိုင်ရာ ကွန်ဖရင့်များသို့ ဝင်ရောက်ခွင့် (၂ ရက်တာအတွက်) အမေရိကန်ဒေါ်လာ (၂၅၀) (အခွန်မပါ) ကျသင့်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံဘက်မှ ဖိတ်ကြားထားသည့်ကိုယ်စားလှယ်များအနေဖြင့် ဧည့်ဝင်ခွင့်ကတ်ဖြင့် ပါဝင်တက်ရောက်နိုင်ပြီး မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ပြသမည်ဆိုပါက ပြခန်းနေရာ (၅ x ၁၀) ပေအတွက် အမေရိကန်ဒေါ်လာ (၁,၁၅၀ + အခွန်) ပေးဆောင်ရမည်ဖြစ်ပြီး မြန်မာကိုယ်စားပြုပြခန်းနှင့် ဆွေးနွေးပွဲများကို ပြခန်းစီစဉ်ပေးသည့် ကိုယ်စားလှယ်များနှင့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြပွဲစီစဉ်ခြင်းနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ၊ ဆွေးနွေးပွဲနှင့်အစည်းအဝေးပွဲများကိုလည်း မြန်မာဘက်မှ ဆောင်ရွက်ရမည်ဖြစ်ပြီး ပြခန်းခ၊ ပြခန်းတည်ဆောက်ခြင်းနှင့်ပြင်ဆင်ခြင်း၊ မှတ်ပုံတင်ကြေးစသည့် ကုန်ကျစရိတ်အဝဝ ကျခံရမည်ဖြစ်ကြောင်း။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် www.worldoftravel. tv ဝက်ဘ်ဆိုက်တွင် ဝင်ရောက်မှတ်ပုံတင်နိုင်ပါကြောင်းနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း– ၀၆၇–၄၀၈၆၂၂၊ E-mail: event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

Source: https://myantrade.gov.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၃-၁၂-၂၀၂၄ မှ ၂၇-၁၂-၂၀၂၄ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၄၁၅,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၈၂၈,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃,၄၀၀,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၉၅,၀၀၀နှင့်မတ်ပဲ SQ/RC (2024 Crop)ကျပ် ၉၃,၀၀၀ ၊ ပဲစင်းငုံ Red / RC (2024 Crop ) ကျပ် ၂၅,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀)ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရောတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရောတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရောတ် (သစ်) AC ကျပ် ၇၀၀၀၊ မြားနီ ကျပ် ၆၅၀၀ ၊ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပန်းရဲရောတ် (သစ်) AC ကျပ် ၅၀၀၊ နှင့် မြားနီ ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ရောတ်သီးများဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ် က ရောတ်ရှည် အိတ်ပေါင်း ၁၄၀၀ (၂၈,၀၀၀ ပိဿာ) နှင့် ရောတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရောတ်ရှည် အိတ်ပေါင်း ၁၅၀၀ (၃၀,၀၀၀ ပိဿာ) နှင့် ရောတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရောတ်ရှည် အိတ်ပေါင်း ၁၀၀ (၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်)ကျပ် ၃၅၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၁၃၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်းဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၇၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၂၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများဈေးငြိမ်လျက် ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၃-၁၂-၂၀၂၄ မှ ၂၇-၁၂-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၄၀၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၂၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၃၉၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၆၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၈၀၀ နှင့် မြင်းခြံ လတ်ချော ကျပ် ၁၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀၀၊ ဆိပ်ဖြူလတ်ချော

ကျပ် ၄၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၃၀၀၊ မြင်းခြံလတ်သန့် ကျပ် ၁၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၄၀ စီး (၈၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၈၂ စီး (၄၉၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅၈ စီး (၃၄၈,၀၀၀ ပိဿာ)လျော့နည်းဝင် ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့အောင်ပန်းမြို့မှကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာကြက်သွန်ဖြူ(တစ်ပိဿာ)ဈေးနှုန်းများမှာအောင်ပန်းထူး-၂ ကျပ် ၁၂,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၃,၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၄,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၅၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၅၀၀ (၄၅,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၄၅၀ (၄၃,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၅၀ (၁,၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့တရုတ်မှအာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာအာလူး(တစ်ပိဿာ)ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၄၀၀၀၊ အောင်ပန်း OK ကျပ် ၅၀၀၀ ၊အောင်ပန်း S1 ကျပ် ၆၀၀၀၊ အောင်ပန်း S2 ကျပ် ၇၀၀၀ နှင့် တရုတ်အာလူး ကျပ် ၆၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၁၅၀၀၊ အောင်ပန်း OK ကျပ် ၁၅၀၀ ၊အောင်ပန်း S1 ကျပ် ၁၅၀၀ ၊အောင်ပန်း S2 ကျပ် ၁၅၀၀ နှင့် တရုတ်အာလူးမှာ ကျပ် ၁၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၈ စီး (၁၀၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခု အပတ်တွင်လည်း ကားစီးရေ ၂၀ စီး (၁၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂ စီး (၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မြိတ်ကျွန်းစုဒေသများမှ ထွက်ရှိသော သဘာဝငှက်သိုက်များ ဈေးကွက်အတွင်း ရောင်းအားပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေ



တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသများမှထွက်ရှိသော သဘာဝငှက်သိုက်များ ဈေးကွက်အတွင်း ရောင်းအားပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သဘာဝငှက်သိုက်ရောင်းဝယ်သူများထံက သိရသည်။

မြိတ်ကျွန်းစုဒေသများမှထွက်ရှိသော သဘာဝဇီဝဖိုးငှက်အန်ဖတ်များဖြင့်တည်ဆောက်ထားသောအသိုက်များကို ခွာယူရောင်းချရသည့် ငှက်သိုက်များ ယခုနှစ်တွင်ဈေးကွက်အတွင်းရောင်း အားပုံမှန်ရှိနေပြီးဈေးနှုန်းတည်ငြိမ်နေကြောင်း သဘာဝငှက်သိုက်ရောင်းဈေးကွက်ကသိရသည်။

သဘာဝငှက်သိုက်အများစုသည် မြိတ်ကျွန်းစုဒေသများမှထွက်ရှိခြင်းဖြစ်ပြီး ပြည်ပမှဝယ်ယူမှုများသောကြောင်း ဈေးကွက်အတွင်း ဈေးကောင်းရရှိလာသည့်အတွက် မြိတ်၊ ပုလော၊ တနင်္သာရီကျွန်းစုနှင့်ဘုတ်ပြင်းစသည့် မြို့နယ်များရှိ လူနေအိမ်နှင့် ဥယျာဉ်ခြံတချို့၌ ငှက်အိမ်များတည်ဆောက်ကာ စီးပွားဖြစ်မွေးမြူသူများပြားလာကြောင်းသိရသည်။

" ဒီနှစ်မှာငှက်သိုက်ဈေးကွက်အတွင်း ရောင်းအားပုံမှန်ရှိနေပြီးဈေးနှုန်းတည်ငြိမ်နေပါတယ်" ဟုမြိတ်မြို့မှ ငှက်သိုက်ရောင်းချသူတစ်ဦးက ပြောသည်။

မြိတ်ကျွန်းစုဒေသများမှ ထွက်ရှိသည့်ငှက်သိုက်များကို သဘာဝအတိုင်းရောင်းချကြသကဲ့သို့ ဖန်ပုလင်းများဖြင့် ငှက်သိုက်ပေါင်းရည်အဖြစ် တစ်နိုင်တစ်ပိုင်ထုတ်လုပ်ရောင်းချခြင်းများလည်းရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့်ဘုတ်ပြင်းမြို့နယ်တို့၌ သဘာဝငှက်သိုက်အများဆုံးထွက်ရှိပြီး မြိတ်မြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့မှ ထွက်ရှိသောငှက်သိုက်များသည် ဈေးကွက်အတွင်း၌ရောင်းအားအကောင်းဆုံးဖြစ်သဖြင့် လူကြိုက်များကြောင်း သိရသည်။

လက်ရှိတွင် မြိတ်ကျွန်းစုဒေသများမှထွက်ရှိသောသဘာဝငှက်သိုက်များကို တရုတ်နိုင်ငံသို့အများဆုံးတင်ပို့နေရကြောင်းနှင့် ယခင်က တရုတ်နိုင်ငံအပြင် ထိုင်းနှင့်မလေးရှားနိုင်ငံတို့သို့လည်း တင်ပို့ခဲ့ရကြောင်း သိရသည်။

**Source :မြဝတီသတင်းစာ**

## သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့်မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ



ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်၍ လုပ်ငန်းများစဉ်ဆက်မပြတ်လည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၏ပေါင်းစပ်ညှိနှိုင်းချက်အရမြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းမှ ပေါ်ဆန်း ၂၄ ပြည်ပါဆန်အိတ် ၂၅ဝနှင့်ပခုက္ကူဒေသထွက်မြေပဲဆီသန့် ၁၃၅ ပိဿာတို့ကိုရန်ကုန်တိုင်းဒေသကြီးအတွင်းမြို့နယ်များရှိသမဝါယမအသင်းသားများနှင့်အများပြည်သူများသို့ဈေးနှုန်းသက်သာစွာဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ်ကောင်းနေ



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင်ဒေသထွက်ခဝဲသီးများအရောင်းအဝယ်ကောင်းမွန်နေကြောင်းငပုတောမြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ကုန်စိမ်းဈေးကွက်တွင် ဒီဇင်ဘာလ ပထမပတ်မှစတင်ပြီး လက်ရှိထိ အရောင်းအဝယ်ဖြလုပ်လျက်ရှိပြီး တစ်ရက်လျှင်ခဝဲသီးအလုံးရေ၂၅,ဝဝဝ မှ ၃ဝ,ဝဝဝ ထိဝယ်ယူမှုရှိပြီး အရောင်းအဝယ်ကောင်းလာကြောင်း၊ အဆိုပါ ခဝဲသီးအလုံးရေ ၁ဝဝ လျှင် ငွေကျပ် ၂၇ဝဝဝ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကထွက်တဲ့ခဝဲသီးတွေကို အခြားမြို့နယ်တွေကဝယ်ယူအားများနေပါသည်။ တစ်ရက်ကိုခဝဲသီးအလုံးရေ ၃ဝ,ဝဝဝ ထိအရောင်းအဝယ်ဖြစ်နေပါတယ်။ခဝဲသီးကငပုတောမြို့နယ်ကဒေသထွက်ကုန်တစ်ခုပါ။ခဝဲသီးတွေကအရည်အသွေးလဲကောင်းပါတယ်။အခြားဒေသကုန်စိမ်းဈေးကွက်က ခဝဲသီးတွေအဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန်ခဝဲသီးတွေ ဝယ်ယူမှုကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေပိုမိုအဆင်ပြေလာပါတယ်" ဟု ငပုတောမြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးကပြောပြသည်။

ငပုတောမြို့နယ်တွင် လက်ရှိခဝဲသီးများအပါအဝင် ဒေသထွက်ဟင်းသီးဟင်းရွက်များပေါ်နေသည့်အချိန်ဖြစ်၍ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## ထိုင်းနိုင်ငံ၌ ဆိုဒီယမ်အဆင့်ပေါ် အခြေခံ၍ ကောက်ခံရန်အဆိုပြုထားသော ဆားခွန်ကို ၂၀၂၅ ခုနှစ်အတွင်းတွင် စတင်ကောက်ခံရန် ခန့်မှန်းထား

ထိုင်းနိုင်ငံ၌ ဆိုဒီယမ်အဆင့်ပေါ်အခြေခံ၍ကောက်ခံရန်အဆိုပြုထားသော ဆားခွန်ကို ၂၀၂၅ ခုနှစ်အတွင်းတွင် စတင်ကောက်ခံရန် ခန့်မှန်းထားကြောင်း သိရသည်။

ထိုင်းပြည်သူများသည် လက်ရှိတွင်စံသတ်မှတ်ထားသောဆိုဒီယမ်ပမာဏထက် ၂ ဆက် စားသုံးလျက်ရှိရာ စားသုံးမှု အဆင့်ကိုလျှော့ချရန် အစီအမံများလိုအပ်လျက်ရှိပါကြောင်း၊ ယင်းအခွန်ပုံစံသည် အဖျော်ယမကာ ထုတ်လုပ်သူများအား ယင်းတို့ထုတ်ကုန်အတွင်း သကြားပါဝင်မှုကိုလျှော့ချရန် ယစ်မျိုးခွန်ဦးစီးဌာနက လွန်ခဲ့သော ၇ နှစ်၊ ၈ နှစ်က မိတ်ဆက်ခဲ့သော သကြားခွန်နှင့်ဆင်တူပါကြောင်း၊ ဆားခွန်ကိုပထမဆုံးကောက်ခံမည့်ကုန်ပစ္စည်းမှာ မရှိမဖြစ်အရေးပါသော ပစ္စည်းမဟုတ်သည့်မုန့်များ အပေါ်တွင်ဖြစ်ကြောင်း၊ ဆားခွန်သည် အစားအစာတွင် တွေ့ရှိရသော ဆိုဒီယမ်အဆင့်ပေါ် အခြေခံမည်ဖြစ်ပြီး ဆိုဒီယမ်ပါဝင်မှုမြင့်မားလေလေ အခွန်နှုန်းထားများလေလေဖြစ်ပြီး ဆိုဒီယမ်ပါဝင်မှုနည်းပါက အခွန်နှုန်းထားနည်းမည်ဖြစ်ကြောင်း ယစ်မျိုးခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် Ms. Kulaya Tantitemit က ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမှုကိုမြှင့်တင်ရန် လက်ရှိကောက်ခံနေသော ဘက်ထရီအခွန်သည် ၈ ရာခိုင်နှုန်းဖြစ်ရာ ယင်းအခွန်ကိုပြန်လည်ပြင်ဆင်နိုင်ရေးအတွက်ဆွေးနွေးနေပါကြောင်း၊ ပုံစံသစ်တွင်အခွန်သည် စွမ်းအင်သိပ်သည်းဆကဲ့သို့သော ပတ်ဝန်းကျင်ဆိုင်ရာအချက်များပေါ်မူတည်ပါကြောင်း၊ ဥပမာအားဖြင့် ဘက်ထရီ၏ အလေးချိန်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပေါ် မူတည်မည်ဖြစ်ကြောင်း၊ယင်းပြင် ဘက်ထရီ၏သက်တမ်းကိုလည်းထည့်သွင်းတွက်ချက်မည်ဖြစ်ရာ သက်တမ်းအရေအတွက်များပါက အခွန်နည်းမည်ဖြစ်ပြီး သက်တမ်းအရေအတွက်နည်းပါက အခွန်များမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်ဘဏ္ဍာရေးနှစ်အတွက် အခွန်ကောက်ခံရရှိရန် မျှော်မှန်းထားချက်သည် ဘတ် ၆၀၉ ဘီလီယံဖြစ်ကြောင်း သိရသည်။

**Source:** www.bangkokpost.com

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဇီဝဒီဇယ် ၄၀ ရာခိုင်နှုန်း B40 အစီအစဉ်အတွက် ဆီအုန်းပို့ကုန်အခွန် ၁၀ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်မည့် အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားအစိုးရသည် ဇီဝဒီဇယ် ၄၀ ရာခိုင်နှုန်း B40 ထုတ်လုပ်မည့်အစီအစဉ်အတွက် ငွေကြေးထောက်ပံ့မှုတစ်ခုအနေဖြင့် စားအုန်းဆီကြမ်းတင်ပို့ရာတွင် ပို့ကုန်အခွန်တိုးမြှင့်ကောက်ခံရန်စီစဉ်လျက်ရှိကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်းက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ ၂၄ ရက်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

B40 မှာ လောင်စာဆီ ၆၀ ရာခိုင်နှုန်းနှင့် စားအုန်းဆီကြမ်းမှ ထုတ်လုပ်ရရှိသည့်ဇီဝဒီဇယ် ၄၀ ရာခိုင်နှုန်းရောနှောထားသည့် ဇီဝဒီဇယ် ဖြစ်သည်။

စီးပွားရေးရာညှိနှိုင်းရေးဝန်ကြီး Airlangga Hartarto က "အစိုးရသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အကောင်အထည်ဖော်မည့် B40 အစီအစဉ်အတွက် ရန်ပုံငွေလုံလောက်ရန် စားအုန်းဆီကြမ်းတင်ပို့မှုအပေါ်ကောက်ခံသည့် ပို့ကုန်အခွန်ကို ၁၀ ရာခိုင်နှုန်းသို့တိုးမြှင့်၍စိုက်ပျိုးမှုရန်ပုံငွေစီမံခန့်ခွဲရေးဘုတ်အဖွဲ့ကတာဝန်ယူကောက်ခံသွားမည်ဖြစ်ကြောင်း၊B40 အစီအစဉ်အတွက် ရန်ပုံငွေကို စိုက်ပျိုးမှုရန်ပုံငွေစီမံခန့်ခွဲရေး ဘုတ်အဖွဲ့ထံမှရယူမည်ဖြစ်ကြောင်း၊ ပြန်လည်သန့်စင်ထားသည့် စားအုန်းဆီကဲ့သို့သောကုန်စည်များအတွက် ပို့ကုန်အခွန် ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် စားအုန်းဆီကြမ်းအတွက် ပို့ကုန်အခွန် ၁၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း" ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့က ဂျာကာတာမြို့တွင် ပြောကြားခဲ့သည်။

ပို့ကုန်အခွန်အသစ်သတ်မှတ်မှုမှာ ဘဏ္ဍာရေးဝန်ကြီးဌာန၏လုပ်ထုံးလုပ်နည်းထွက်ရှိပြီး နောက်တွင်စတင်အသက်ဝင်မည်ဖြစ်ပါသည်။

စီးပွားရေးရာညှိနှိုင်းရေး ဝန်ကြီးဌာန၏ အစားအသောက်နှင့် လယ်ယာစီးပွားရေးညှိနှိုင်းရေးဌာန ဒုတိယခေါင်းဆောင် Dida Gardera က "၂၀၂၅ ခုနှစ်၊နှစ်ကုန်အထိ B40 အစီအစဉ်အကောင်အထည်ဖော်မှုအတွက်ရန်ပုံငွေလုံလောက်ကြောင်း" ပြောကြား

ခဲ့သည်။

ဆီအုန်းလုပ်ငန်းကဏ္ဍရှိ လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်အခွန်တိုးမြှင့်မှုသည် စားအုန်းဆီကြမ်းနှင့် ဆက်စပ်ကုန်စည်များ တင်ပို့မှုအပေါ် ဆိုးကျိုးသက်ရောက်မည်ကို စိုးရိမ်နေကြသည်။

အင်ဒိုနီးရှားစားအုန်းဆီအသင်းဥက္ကဋ္ဌ Eddy Martono က "စားအုန်းဆီကြမ်း တင်ပို့မှုအတွက် ပို့ကုန်အခွန် ၁၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ခြင်းသည် ကမ္ဘာ့ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်စွမ်းကျဆင်းစေကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပို့ကုန်ကျဆင်းပြီး ပြန်လည်စိုက်ပျိုးသည့်အစီအစဉ်အတွက် ကုန်ကျစရိတ်မြင့်တက်ခြင်းသည် ပို့ကုန်အခွန်တိုးမြှင့်ရန် လိုအပ်ရသည့်နောက်ခံအကြောင်းအရင်းများ ဖြစ်ကြောင်း၊ စိုက်ပျိုးမှုရန်ပုံငွေစီမံခန့်ခွဲရေးဘုတ်အဖွဲ့ကကောက်ခံသည့်ရန်ပုံငွေကျဆင်းခြင်းကြောင့်ဇီဝဒီဇယ်အတွက်ထောက်ပံ့ ရန်ပုံငွေမှာ အကန့်အသတ်ဖြစ်နေကြောင်း၊ အစိုးရအနေဖြင့်လိုအပ်သည့်ရန်ပုံငွေအတွက် စားအုန်းဆီကြမ်းပို့ကုန်အခွန်ကို တိုးမြှင့်ကောက်ခံရန် လိုအပ်လာခြင်းဖြစ်ကြောင်း" ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် B40 အစီအစဉ်ကို ၂၀၂၅ ခုနှစ်မှစ၍အကောင်အထည်ဖော်ရန် ရန်ပုံငွေလုံလောက်မှုရှိစေရေး၊ တစ်ဖက်တွင်အဆိုပါအစီအစဉ်အတွက် ကုန်ကြမ်းလုံလောက်မှုရှိစေရေးပို့ကုန်အခွန်တိုးမြှင့်ကောက်ခံသည့်နည်းလမ်းအသုံးပြုခြင်းဖြစ်ပါကြောင်းနှင့် ၂၀၂၅ ခုနှစ်မှစ၍ အင်ဒိုနီးရှားနိုင်ငံမှစားအုန်းဆီကြမ်းတင်ပို့မှုအနည်းငယ်ကျဆင်းနိုင်သည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း၊ တင်ပို့ခြင်းနှင့် တင်သွင်းခြင်းကဏ္ဍများတွင် ချိန်ညှိဆောင်ရွက်နိုင်ပါရန် ဖြစ်ပါသည်။

**Source: Indonesian Palm Oil Association**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

https://myantrade.gov.mm/

## တရုတ်နိုင်ငံအနေဖြင့် ချုံချင့် – ဗီယင်ကျန်း ရထားလမ်း ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုမှ နိုင်ငံတကာ ထောက်ပံ့ပို့ဆောင်ရေးကို မြှင့်တင်လျက်ရှိ

တရုတ်နိုင်ငံ၏ နိုင်ငံတကာ ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်သည် New International Land Sea Trade Corridor ခေါင်းစဉ်အောက်မှမော်တော်ယာဉ်နှင့်ဆိုင်ကယ်များကို အဓိကသယ်ယူပို့ဆောင်မည့်ပထမဆုံး ချုံချင့်– ဗီယင်ကျန်းနယ်စပ်ဖြတ်ကျော် ရထားလမ်း Chongqing–Vientiane cross–border rail နှင့်ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုကို စတင်လိုက်ပြီဖြစ်ကြောင်း China Media Group CMG က ဖော်ပြခဲ့သည်။

ချုံချင့်မြို့နှင့် China's Western Region's Auto and Motorcycle လုပ်ငန်းများအတွက် နိုင်ငံတကာ ထောက်ပံ့ပို့ဆောင်ရေးစကြံ၏ သိသာထင်ရှားသောချဲ့ထွင်မှုတစ်ခုဖြစ်ပြီးတရုတ်နိုင်ငံအနောက်တောင်ပိုင်း Chongqing မြူနီစီပယ်မြို့နှင့်အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဆက်ဆံမှုများ၌အရှိန်အဟုန်ဖြင့်ပါဝင်လာမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက မှတ်ချက်ပြုခဲ့သည်။

တန်ဖိုးအားဖြင့် ယွမ် ၁၀ သန်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ သန်း တန်ဖိုးရှိသည့် မော်တော်ဆိုင်ကယ်နှင့်အစိတ်အပိုင်းများတင်ဆောင်ထားသည့် ရထားသည် တရုတ်–လာအိုမီးရထားလမ်းဖြင့်ထွက်ခွာမည်ဖြစ်ပြီး ၅ ရက်အတွင်း ဗီယင်ကျန်းမြို့သို့ ရောက်ရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

တစ်ချိန်တည်းတွင် မော်တော်ဆိုင်ကယ်များ၊အစိတ်အပိုင်းများနှင့်လျှပ်စစ်ပစ္စည်းများသယ်ဆောင်သည့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုသည် ချုံချင့်မြို့ Nanpeng Highway Bonded Logistics Center Type B မှ ထွက်ခွာမည် ဖြစ်သည်။

အဆိုပါ ဝန်ဆောင်မှုသည် လေးရက်အတွင်း ဗီယင်ကျန်းမြို့သို့ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

ရထားလမ်းကြောင်းနှင့်ချိတ်ဆက်ပြီးပိုမိုကောင်းမွန်သောချိတ်ဆက်မှုရရှိရန်အတွက်လမ်းကြောင်းနှစ်ခု၏ ပေါင်းစပ်အားသာချက်များကို အသုံးပြု၍ ဝန်ဆောင်မှုပေးသွားမည် ဖြစ်သည်။

အဆိုပါ ရထားလမ်းနှင့်နယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုသည် အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း၊ ရေလမ်း ကုန်သွယ်ရေးစကြံသစ် New International Land–Sea Trade Corridor ၏ အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ မီးရထားလမ်းနှင့် ကုန်းလမ်းဆက်သွယ်ရေးလမ်းကြောင်းများကိုချောမွေ့စွာပေါင်းစပ်၍ တရုတ်နိုင်ငံ ချုံချင့်၊ လာအိုနိုင်ငံဗီယင်

ကျန်း၊ထိုင်းနိုင်ငံဖန်ကောက်နှင့်မလေးရှားနိုင်ငံ ဆီလန်ဂေါ Selangor တို့ကို ဆက်သွယ်ထားသည့်ပြည့်စုံသောထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်တစ်ခု comprehensive logistics chain တည်ထောင်ရန်ဟိုင်နန်တက္ကသိုလ် Belt and Road သုတေသနဌာန ဌာနမှူး Liang Haiming က ပြောကြားခဲ့သည်။

ချုံချင့်မြို့နှင့် အရှေ့ဘက်ဒေသမှကုန်ပစ္စည်းများ၏ နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရာတွင်ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု၏ အရေးပါသောအခန်းကဏ္ဍကိုဖော်ပြ၍ကုန်စည်လွှဲပြောင်းရာ၌လိုက်လျောညီထွေရှိမှုနှင့် ကုန်ကျစရိတ်သက်သာမှုတို့ကို အလေးထားဆောင်ရွက်ခြင်း ဖြစ်သည်။

ဤအစီအစဉ်သည် တရုတ်နိုင်ငံ၏ နိုင်ငံတကာ ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်ကို ပိုမိုခိုင်မာစေပါသည်။

အဆိုပါလမ်းကြောင်းမှတစ်ဆင့် ချုံချင့်မြို့သည်မော်တော်ဆိုင်ကယ် အစီးရေ ၂ ဒသမ ၂၁၄ သန်း တင်ပို့ခဲ့ပြီး ယခုနှစ် ပထမ နှစ်ဝက်တွင် တရုတ်နိုင်ငံ၏ ထိပ်တန်းတင်ပို့သူအဖြစ် ရပ်တည်ခဲ့ကြောင်း Chongqing Daily က ဖော်ပြခဲ့သည်။

လျှပ်စစ်မော်တော်ဆိုင်ကယ် အစီးရေ ၂ သန်းကျော် အပါအဝင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ယွမ်ငွေ ဘီလီယံ ၁၀၀ ကျော်ဖြင့်မြို့တော်တွင် နှစ်စဉ်မော်တော်ဆိုင်ကယ် ထုတ်လုပ်မှုသည် အစီးရေ ၆ သန်းကျော် ရှိလာမည်ဟု ခန့်မှန်းထားသည်။

နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးသည် အထူးသဖြင့် ချုံချင့်မြို့နှင့်ပတ်ဝန်းကျင်ဒေသများမှ ကုန်ပစ္စည်းများအတွက် အရှေ့တောင်အာရှရှိ နိုင်ငံတကာဈေးကွက်များသို့ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်နိုင်ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးထားကြောင်း၊ရထားလမ်းနှင့်ကုန်းလမ်းကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုများသည် ချုံချင့်မြို့၏ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်လုပ်ငန်းများအတွက် ဈေးကွက်ချဲ့ထွင်ပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ပေးမည်ဖြစ်ကြောင်း Liang က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်ပထမ ၁၀ လအတွင်း အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း၊ရေလမ်း ကုန်သွယ်ရေးစင်္ကြံသစ်မှတစ်ဆင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယွမ်ငွေ ၁ ဒသမ ၁၅ ထရီလီယံ အမေရိကန် ဒေါ်လာ ၁၅၈ ဒသမ ၁ ဘီလီယံ ရှိခဲ့သည်။

တစ်နှစ်ထက်တစ်နှစ် ၈ ဒသမ ၈ ရာခိုင်နှုန်း တိုးလာပြီးတစ်နိုင်ငံလုံး၏ပျမ်းမျှတိုးတက်မှုနှုန်း ၃ ဒသမ ၆ ရာခိုင်နှုန်းကို ကျော်လွန်သွားခဲ့ကြောင်း တရုတ် အကောက်ခွန် အထွေထွေ အုပ်ချုပ်ရေးအဖွဲ့ GACC မှ သိရသည်။

အဆိုပါစင်္ကြံ၏ လုပ်ငန်းလည်ပတ်မှုအရည်အသွေးနှင့်ထိရောက်မှုတို့သည့်ဆက်လက်တိုးတက်လျက်ရှိကြောင်း GACC က အစီရင်ခံခဲ့သည်။

ယခုအခါ အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း/ရေလမ်း ကုန်သွယ်ရေးစင်္ကြံသစ်သည် ချုံချင့်မြို့မှစတင်၍ နယ်စပ်ဂိတ်ပေါင်း ၅၄၈ ခုဖြင့် နိုင်ငံနှင့် ဒေသပေါင်း ၁၂၆ ခုကို ချိတ်ဆက်ထားကြောင်း ဖော်ပြထားသည်။

**Source : http://en.people.cn/n3/2024/1225/c90000-20258237.html**

**စီးပွားရေးသံမှူး၊ကူမင်းမြို့။**

https://myantrade.gov.mm/

## ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၏ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ် တွင် ထိုင်းနိုင်ငံရှိ Nippon Steel Corporation NSC ၏ ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့သွားရန် ဆွေးနွေး ပြောကြားခဲ့

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mr. Pichai Naripthaphan ၏ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် သံမဏိထုတ်လုပ်ရာ၌ ကမ္ဘာ့အဆင့် ၄ ရှိသော Nippon Steel Corporation NSC ၏ ရုံးချုပ်သို့ သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံရှိ ၎င်း၏ ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့သွားရန် ဖိတ်ခေါ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရီးစဉ်တွင်ဝန်ကြီးက မျှတသောလုပ်ငန်းအလေ့အထများဖြစ်စေရေးအတွက် ထိုင်းဈေးကွက်အတွင်းတွင် တန်ဖိုးနည်း သံမဏိပစ္စည်းများ လာရောက်စုပြုံခြင်းကိုကာကွယ်ရန် ထိုင်းအစိုးရအနေဖြင့်တက်ကြွစွာဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ဝယ်လို အားတိုးတက်လာလျက်ရှိသော သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတမှုကိုဦးစားပေးဖြစ်သည့် “Green Steel” နှင့် တင်သွင်းလာသည့် သံမဏိများနေရာတွင်အစားထိုးနိုင်မည့် အရည်အသွေးမြင့်သံမဏိများထုတ်လုပ်ရန်အတွက် ထိုင်းနိုင်ငံရှိ ၎င်း၏ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ရန် တိုက်တွန်းခဲ့ကြောင်း၊ ထိုင်းနိုင်ငံတွင် NSC တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ပြီ ဖြစ်ပြီး G Steel Plc နှင့် G J Steel Plc တို့ကို မကြာသေးမီက တိုးချဲ့ခဲ့ကြောင်း သိရသည်။

G Steel Plc နှင့် G J Steel Plc တို့သည် ထိုင်းနိုင်ငံတွင်အကြီးဆုံးသံမဏိထုတ်လုပ်သူများဖြစ်ပြီး ထိုင်းနိုင်ငံ စီးပွားရေးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍတွင်ပါဝင်လျက်ရှိပါကြောင်း၊ နိုင်ငံအတွင်းငွေရင်း၏ရပ်တည်မှုကို ပိုမိုခိုင်မာစေရန် ထပ်တိုးရင်းနှီးမြှုပ်နှံရန်စီစဉ်လျက်ရှိပါကြောင်း၊ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်စပ်မှုများပိုမိုခိုင်မာစေရန် ဝန်ကြီးသည် ကုမ္ပဏီဥက္ကဋ္ဌနှင့်တွေ့ဆုံခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တိုးတက်နေမှု၊ ယခုနှစ်အတွင်း ပို့ကုန်တိုးတက်မှုကို ၅ ရာခိုင်နှုန်းခန့်မှန်းထားမှု၊ PCB၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ ဉာဏ်ရည်တုနှင့်အချက်အလက်စင်တာများစသည့် အနာဂတ်ဦးတည်သွားမည့်စက်မှုလုပ်ငန်းများကိုအလေးပေးဆွေးနွေးခဲ့ကြောင်း၊ထိုင်းနိုင်ငံသည် ခေတ်မီစက်ရုံများကိုထောက်ပံ့ပေးရန်နှင့် နီပွန်သံမဏိမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာမည်ကို မျှော်လင့်လျက်ရှိကြောင်းဝန်ကြီးက ပြောကြားခဲ့သည်။

အရည်အသွေးနိမ့်သောသွင်းကုန်များနှိမ်နင်းရန်နှင့်anti-dumping လုပ်ထုံးလုပ်နည်းများအတွက်အဖွဲ့ဖွဲ့၍ဆောင်ရွက်နေမှုအပါအဝင် အစိုးရအနေဖြင့် ပြည်တွင်းထုတ်လုပ်သူများကိုထောက်ပံ့ပေးသည့် အစီအမံများကို အလေးထားပြောကြားခဲ့ ကြောင်း၊နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုမြှင့်တင်နေချိန်တွင်ပြည်တွင်းဈေးကွက်ကိုအကာအကွယ်ပေးရန်ဝန်ကြီးဌာနအနေဖြင့် အပြည့်အဝဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ပြည်တွင်းဝယ်လိုအားကျဆင်းခြင်းနှင့်စွမ်းအင်ကုန်ကျစရိတ်မြင့်တက်နေခြင်းစသည့် စိန်ခေါ်မှုများရှိသော်လည်း နှစ်မျိုးသုံးမော်တော်ယာဉ်ဈေးကွက်တိုးတက်လာမှုနှင့် ထိုင်းနိုင်ငံ၏စီးပွားရေးပြန်လည်ကောင်းမွန်မှုအပေါ် ယုံကြည်ပါကြောင်း၊ သံမဏိထုတ်လုပ်ရာတွင်ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို ၃၃ ရာခိုင်နှုန်း လျှော့ချပေးနိုင်သော ဟိုက်ဒရိုဂျင်အသုံးပြု၍ ထုတ်လုပ်သည့် NSC ၏ တီထွင်ဖန်တီးမှုအပေါ် ချီးကျူးဂုဏ်ပြုလိုကြောင်း ဝန်ကြီး Mr. Pichai ကဖြည့်စွက်ပြောကြားခဲ့သည်။

**Source:** www.bangkokpost.com

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## STOCK EXCHANGE (2.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,630 (Shares) | 20,489,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -200 | -2.38% | 8,400 | 8,400 | 8,200 | 1,458 | 12,168,200 | 33,109,694 | 271,500 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,050 | 1,690 | 5,186,500 | 38,929,150 | 120,680 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 30 | 249,000 | 10,400,986 | 86,328 |
| FPB | 00004 | 1,950 | +50 | +2.63% | 1,900 | 1,950 | 1,900 | 403 | 765,900 | 29,664,613 | 57,846 |
| TMH | 00005 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 0 | 0 | 12,823,224 | 42,317 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 803 | 1,334,950 | 19,977,223 | 33,961 |
| AMATA | 00007 | 4,200 | +0 | +0.00% | 4,200 | 4,200 | 4,200 | 10 | 42,000 | 10,497,598 | 44,090 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 236 | 743,400 | 23,804,946 | 74,986 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 2nd Jan. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.93 | -2.75 | -0.70% | 389.09 | 389.62 | 386.61 | 4,630 | 20,489,950 | 8 | 731,708 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 2nd Jan. 2025

| Trading Volume | Trading Value |
|---|---|
| 4,630 (Shares) | 21,109,950 (MMK) |

## Main Board

As of 1:00 pm, 2nd Jan. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,630 (Shares) | 20,489,950 (MMK) |

| MYANPIX | 387.93 ▼ 2.75 |
|---|---|
| Total Volume (shares) | 4,630 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 731,708 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 200 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 8,300 | ▼ 100 |
| FPB | 00004 | 1,950 | ▲ 50 |
| TMH | 00005 | 3,300 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 4,200 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 0 |